**(၁) အော်တာနေရီးယားရွက်ပြောက်ရောဂါ (စောပင်နာကျရောဂါ) (Early Blight)**

**ရောဂါဖြစ်စေသက်ရှိ-** *Alternaria solani* Sorauer

ရောဂါလက္ခဏာ

အောက်ခြေအရွက်ရင့်များတွင် ညိုမဲရောင် အဝိုင်းရစ်အကွက်ဘေးတွင် အဝါ ရောင် အနားသားများဖြစ်သော ဗဟိုတူ စက်ဝိုင်းပုံအနာကွက် များဖြစ်ပေါ်သည်။ ရောဂါ ပြင်းထန်ပါက တစ်ရွက်လုံးဝါပြီး ခြောက်သွားသည်။ ရိုးတံနှင့် ပင်စည်ပေါ်တွင် ရောဂါကျရောက်ပါက အညို ရောင် အဝိုင်းရစ် အနာကွက် ကို ရှည်မျောမျော ပုံသဏ္ဍာန် တွေ့ရှိရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကို အသုံးပြုပါ။
- ရောဂါကင်းသော မျိုးကို အသုံးပြုပါ။
- ရောဂါကျသော ပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- ရောဂါကွက် စတင်တွေ့ရှိပါက အောက်ပါမှိုသတ်ဆေးများကို အသုံးပြု ပက်ဖျန်းပါ။

- Iprodione (အိုင်ပရိုဒီရုန်း)၊ Mancozeb (မန်ကိုဇက်)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Thiophanate-methyl (သိုင်အိုဖါနိတ်မီသိုင်း)